ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

Office of the Securities and Exchange Commission of Myanmar

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလအထိ | အတွဲ ၃၊ အမှတ် ၄၊ ဇန်နဝါရီလ ၂၀၂၅ | www.secm.gov.mm







# အရင်းအနှီးဈေးကွက်သတင်းလွှာ

# *Capital Market Bulletin*




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ (၃) လ တစ်ကြိမ် ထုတ်ဝေသည်။

# မာတိကာ




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ကော်မရှင်ရုံး၏လုပ်ငန်းဆောင်ရွက်ချက်များ** | |
| ကော်မရှင်အစည်းအဝေး | ၁ |
| လုပ်ငန်းညှိနှိုင်းအစည်းအဝေး | ၁ |
| နှုတ်ဆက်ကြိုဆိုသည့် အခမ်းအနား | ၁ |
| အငြိမ်းစားမယူမီအကြိုဂုဏ်ပြုပွဲအခမ်းအနား | ၁ |
| သီတင်းကျွတ်ဂါရဝပြုကန်တော့ခြင်း | ၂ |
| လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း | ၂ |
| AML/CFT ဆိုင်ရာဆုံးရှုံးနိုင်ခြေများ ဆွေးနွေးခြင်း | ၂ |
| အလားအလာညွှန်းတမ်းအား အတည်ပြုခြင်း | ၂ |
| လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး | ၃ |
| ဌာနတွင်းဆွေးနွေးပွဲများ | ၃ |
| အသိပညာမျှဝေခြင်း | ၃ |
| ၂၀၂၄ ခုနှစ်၊ တတိယ (၃)လပတ်အတွင်း ကမ္ဘာ့ငွေချေးစာချုပ်ဈေးကွက်အခြေအနေ (ဆောင်းပါး) | ၄-၅ |
| **ဈေးကွက်ဆိုင်ရာအချက်အလက်များ** | ၆ |
| **အာဆီယံဆိုင်ရာ သတင်းများ** | |
| အာဆီယံအရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများအစည်းအဝေး တက်ရောက်ခြင်း | ၇ |
| အထင်ကရ SET ESG ကျွမ်းကျင်ပညာရှင်များဖိုရမ် ၂၀၂၄ မှတစ်ဆင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အရည်အသွေးကို မြှင့်တင်ပေး | ၈-၉ |
| မလေးရှားနိုင်ငံသည် အာဆီယံ၂၀၂၅ဥက္ကဋ္ဌရာထူး ဆောင်ရွက်မှုမတိုင်မီ အာဆီယံအရင်းအနှီး ဈေးကွက် ချိတ်ဆက်မှု၌ ကုန်သွယ်ရေးကို ဦးစားပေးရန်ရှိ | ၁၀ |

# ကော်မရှင်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ

## ကော်မရှင်အစည်းအဝေး




ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၏ ၈/၂၀၂၄ ကြိမ်မြောက် ကော်မရှင် အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။

## လုပ်ငန်းညှိနှိုင်းအစည်းအဝေး



ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## နှုတ်ဆက်ကြိုဆိုသည့် အခမ်းအနား



ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ ပြောင်းရွှေ့သွားသော ညွှန်ကြားရေးမှူးချုပ်၊ ဦးကြည်ဇင်ထွန်း အား နှုတ်ဆက်ခြင်းနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဦးမင်းဇော်ဝင်း အား ကြိုဆိုသည့်အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## အငြိမ်းစားမယူမီအကြိုဂုဏ်ပြုပွဲအခမ်းအနား




ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားသည့် ဒုတိယညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် သက်ပြည့်အငြိမ်းစားယူမည့် ဝန်ထမ်းများအား ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## သီတင်းကျွတ်ဂါရဝပြုကန်တော့ခြင်း



ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး ဝန်ထမ်းများမှ ကော်မရှင်အဖွဲ့ဝင်များအား သီတင်းကျွတ်ဂါရဝပြု ကန်တော့ခြင်း အခမ်းအနားကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

## လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခြင်း




၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၊ စစ်ဆေးရေးအဖွဲ့မှ ငွေချေးသက်သေခံ လက်မှတ် ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးခဲ့ပါသည်။

## AML/CFT ဆိုင်ရာဆုံးရှုံးနိုင်ခြေများ ဆွေးနွေးခြင်း



ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံးမှ ဦးဆောင်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (Anti-Money Laundering And Countering the Financing of Terrorism) AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ အကဲဖြတ် ဆန်းစစ်ချက် မေးခွန်းလွှာနှင့် ပတ်သက်၍ သတင်းပို့ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

## အလားအလာညွှန်းတမ်းအား အတည်ပြုခြင်း

၁၃-၁၁-၂၀၂၄ ရက်နေ့တွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အများပြည်သူသို့ အစုရှယ်ယာ ကမ်းလှမ်းရောင်းချရန် တင်ပြလာသည့် အလားအလာညွှန်းတမ်းအား ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၃၅ (က) နှင့်အညီ ကော်မရှင်မှ အတည်ပြုခဲ့ပါသည်။

## လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့် အောက်ပါသင်တန်းများသို့ အရာထမ်း (၃) ဦး စေလွှတ်ခဲ့ပါသည်-**

- အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ် (၁၂)၊
- အရာထမ်း အခြေခံသင်တန်း အမှတ်စဉ် (၂၂)၊
- အရာထမ်းလောင်း အထူးသင်တန်း အမှတ်စဉ်(၁၃)၊

**အောက်ဖော်ပြပါ ပြည်တွင်း/ပြည်ပဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းများသို့ Virtual / In Person ဖြင့် ဝန်ထမ်းများအား တက်ရောက်စေခဲ့ပါသည်-**

- ဌာနတွင်း အင်္ဂလိပ်စာကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၂၄)
- Asia GX Consortium High-Level Meeting
- Voluntary Carbon Market-VCM Study
- Navigating the Digital Asset Landscape: Development and Supervision of Digital Asset in the Region




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၊နေပြည်တော်၌ ၁၈-၁၁-၂၀၂၄ ရက်နေ့ မှ ၂၉-၁၁-၂၀၂၄ ရက်နေ့ အထိ ဖွင့်လှစ်ခဲ့သည့် အမှုထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်းသို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ ဦးစီးအရာရှိတစ်ဦးက သွားရောက်သင်ကြားပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်း၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ ဌာနအသီးသီးမှ ဒုတိယဦးစီးမှူးနှင့် အဆင့်တူရာထူးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများစုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ကြပါသည်။

## ဌာနတွင်းဆွေးနွေးပွဲ



ဌာနအတွင်းဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် မြန်မာကုမ္ပဏီများ၏ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အကျင့်များကို စိစစ်ခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများဆိုင်ရာ ဆွေးနွေးပွဲကို ၁၀-၁၀-၂၀၂၄ ရက်နေ့တွင် SECM ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၈)ဦး တက်ရောက်ခဲ့ကြပါသည်။

## အသိပညာမျှဝေခြင်း



၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် အင်းယားလိပ်ဟိုတယ်၌ မြန်မာဒါရိုက်တာများအင်စတီကျု (MIoD) မှ ကျင်းပသော Corporate Governance Essential Program တွင် မူဝါဒရေးရာဖွံ့ဖြိုးတိုးတက်ရေး ဌာန၊ ညွှန်ကြားရေးမှူးက “Conflict of Interests and Related Party Transactions” ခေါင်းစဉ်ဖြင့် ဆွေးနွေး ပို့ချခဲ့ပါသည်။


# ၂၀၂၄ ခုနှစ်၊ တတိယ (၃)လပတ်အတွင်း ကမ္ဘာ့ငွေချေးစာချုပ်ဈေးကွက်အခြေအနေ

၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်မှ စက်တင်ဘာလ ၃၀ ရက် အထိ အမေရိကန်အစိုးရ ငွေတိုက်စာချုပ်ရနှုန်း ပြမျဉ်းကွေး (Yield Curve) တွင် (၂) နှစ်နှင့် (၁၀) နှစ် သက်တမ်းရှိ ငွေတိုက်စာချုပ်များ၏ ရနှုန်းတို့သည် ယင်း (၃) လပတ် အတွင်း ၃.၆၃ ရာခိုင်နှုန်းနှင့် ၃.၇၇ ရာခိုင်နှုန်း တို့သာ ဖြစ်ပါသည်။ ယင်းသည် ပြီးခဲ့သည့် (၃) လပတ်ထက် ၁.၁၂ ရာခိုင်နှုန်း နှင့် ၀.၆၂ ရာခိုင်နှုန်း လျော့ကျခဲ့ပါသည်။

အချက်အလက်များအရ အမေရိကန် စီးပွားရေးသည် နောက် (၃) လပတ် အတွင်း ပြန်လည် ကျဆင်းနိုင်သည့် အလားအလာများ ဆက်လက်ဖြစ်ပေါ် နေခဲ့ပါသည်။ ဩဂုတ်လ အတွင်းရှိ ကိန်းဂဏန်းများအား လေ့လာချက်အရ အမေရိကန်၏ စားသုံးသူ ဈေးဆနှုန်း ကိန်း (Consumer Price Index-CPI) မျှော်မှန်းချက်မှာ ၂.၆ ရာခိုင်နှုန်း ရှိသော်လည်း ၂.၅ ရာခိုင်နှုန်း အထိ လျော့နည်းသွားပါသည်။ ယခင်နှစ် CPI ညွှန်ကိန်းမှာ ၂.၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ သို့ရာတွင် အဓိကစားသုံးသူဈေးဆနှုန်းကိန်း (Core CPI) သည် ယခင်နှစ်တွင် ဖော်ပြခဲ့သည့်အတိုင်း ၃.၂ ရာခိုင်နှုန်းသာ ရှိနေဆဲဖြစ်ပါသည်။ အမေရိကန်နိုင်ငံရှိ ကုန်ထုတ်လုပ်မှု ကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ၏ ညွှန်ကိန်းများအား သတ်မှတ်ပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Institute for Supply Management (ISM) ၏ ကုန်ထုတ်လုပ်မှု ကဏ္ဍညွှန်ကိန်းသည် ၄၇.၂ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပြီး ISM ဝန်ဆောင်မှု ညွှန်ကိန်းသည်လည်း ၅၁.၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပါသည်။ တောင်သူလယ်သမားများ၊ အစိုးရဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းများတွင် လုပ်ကိုင်သူများမှအပ အခြားလုပ်ငန်းများတွင် အလုပ်လုပ်သူဦးရေ (Non-farm Payrolls - NFP) မှာ ၁၄၂,၀၀၀ မြင့်တက်ခဲ့သော်လည်း ခန့်မှန်းထားသည့် ၁၆၀,၀၀၀ ထက်လျော့နည်းခဲ့ပြီး အလုပ်လက်မဲ့ ဦးရေသည် ၄.၃ ရာခိုင်နှုန်းမှ ၄.၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ အဆိုပါ အချက်အလက်များအရ ဗဟိုဘဏ် (Fed) သည် ၂၀၂၀ ပြည့်နှစ် ကတည်းကပင် ရနှုန်းများကို လျှော့ချခဲ့ပြီး ယခုအခါ ၀.၅ ရာခိုင်နှုန်း ထပ်မံလျှော့ကျစေခဲ့ပါသည်။

ရနှုန်းပြမျဉ်းကွေးအရ ၂၀၂၄ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် အဆိုပါရနှုန်းသည် ၀.၅ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၁ ရာခိုင်နှုန်း ထပ်မံ၍ လျှော့ကျနိုင်မည် ဖြစ်ပါသည်။ ယင်း(၃)လပတ်အတွင်း ကြွေးမြီအဆင့် သတ်မှတ်ပေးသည့် စနစ်တစ်ခုဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုအဆင့် (Investment Grade) များတွင် ဒေါ်လာ ၅၀ နှင့် အထက် အရောင်းအဝယ် ဖြစ်မြောက်သည့် ငွေတိုက်စာချုပ်များ အနက် အပေါင်း လက္ခဏာပြသည့် ငွေတိုက်စာချုပ်ပြန်ရနှုန်း ၉၆ ရာခိုင်နှုန်း ရှိပြီး အနုတ်လက္ခဏာပြသည့်ရနှုန်း ၄ရာခိုင်နှုန်းသာ ဖြစ်ပေါ်နေပါသည်။ အဆိုပါ စနစ်များအနက် အခြားစနစ်တစ်ခု ဖြစ်သည့် ပြန်ရချက်နှုန်းမြင့်သော စနစ် (High Yield)တွင်မူ အပေါင်းလက္ခဏာပြသည့် ငွေတိုက်စာချုပ်ရနှုန်း ၉၃ ရာခိုင်နှုန်းရှိပြီး အနုတ်လက္ခဏာ ပြသည့် ရနှုန်း ၇ ရာခိုင်နှုန်း ဖြစ်ပေါ်နေသည့် အပြင် အမေရိကန်ဒေါ်လာဖြင့် ထုတ်ဝေသည့် ငွေတိုက်စာချုပ်များ၏ ရနှုန်း ၉၅ ရာခိုင်နှုန်းမှာ အပေါင်းလက္ခဏာ ပြနေသည့်အတွက် ၂၀၂၄ ခုနှစ်၊ တတိယ (၃) လပတ်သည် ငွေတိုက် စာချုပ်များအား ရင်းနှီးမြှုပ်နှံသင့်သည့် ကာလဖြစ်ပါသည်။ ၉၆ ရာခိုင်နှုန်းသော IG ငွေချေးစာချုပ်များသည် အပေါင်းလက္ခဏာဆောင်သည့် ပြန်ရချက်များရှိစဉ်တွင် ၉၃ ရာခိုင်နှုန်းသော ရနှုန်းမြင့်မားသည့် ငွေချေးစာချုပ်များသည်လည်း အပေါင်း လက္ခဏာ သဘောဆောင်နေပါသည်။

**တတိယသုံးလပတ်တွင် အမေရိကန်ငွေတိုက်စာချုပ် ရနှုန်းအခြေပြကားချပ်**




စာမျက်နှာ ၅ သို့

အဆိုပါ အပေါင်းလက္ခဏာ ငွေတိုက်စာချုပ်များသည် ယင်း (၃) လပတ်ကာလအတွင်း ဆက်တိုက်ဖြစ်ပေါ်နေသည့်အတွက် ငွေတိုက်စာချုပ်ကိုင်ဆောင်သူများအတွက် အကောင်းဆုံး လပတ်အဖြစ် သတ်မှတ်ရမည် ဖြစ်ပါသည်။ ငွေကြေးဖောင်းပွမှု တည်ငြိမ်နေခြင်းနှင့် အလုပ်သမားဈေးကွက် အားနည်းလာခြင်းတို့ကြောင့် ဈေးကွက်တွင် ပါဝင်သူများသည် Fed က ရနှုန်းများ လျှော့ချမည်ဟု ခန့်မှန်းလာကြပြီး အကျိုးဆက်အနေဖြင့် အမေရိကန် ငွေတိုက်စာချုပ်ဈေးနှုန်းများ မြင့်မားမှု ဖြစ်ပေါ်ခဲ့ပါသည်။


ယင်း (၃) လပတ်အတွင်း သက်တမ်းရှည်ငွေချေးစာချုပ်ရနှုန်းများမြင့်မားနေသည့်အတွက် အဆိုပါ ငွေတိုက်စာချုပ်များသည် ရင်းနှီးမြှုပ်နှံသူများ အတွက် အကောင်းဆုံး အကျိုးအမြတ်များကို ရရှိစေပါသည်။ Investment Grade အဆင့်သတ်မှတ်ချက်များ အနက် AAA မှ A- အမျိုးအစား စာရင်းဝင်ကုမ္ပဏီများဖြစ်သည့် Alibaba ၊ Tencent ၊ Apple နှင့် Alphabet တို့ကဲ့သို့သော ငွေချေးစာချုပ် ထုတ်ဝေသည့် ကုမ္ပဏီများတွင် ငွေချေးစာချုပ် ရောင်းဝယ်မှုတန်ဖိုးမှာ ၉ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်း အထိမြင့်တက်ခဲ့ပါသည်။ ဆက်လက်၍ မျှော်မှန်းထားသည့်အတိုင်း သက်တမ်းမပြည့်မီ အတိုးနှုန်းများ ပြောင်းလဲနိုင်သည့် ငွေချေးစာချုပ် အမျိုးအစား (Floating Rate Bond) များ၏ ဈေးနှုန်းများသည် ယင်း (၃) လပတ်အတွင်း ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပြီး အတိုးနှုန်း ပုံသေသတ်မှတ်ထားသည့်ငွေချေးစာချုပ်အမျိုးအစား(Fixed Rate Bond) များ၏ ဈေးနှုန်းများမှာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

BBB+ မှ BBB အုပ်စုတွင်ပါဝင်သည့် Viacom ကုမ္ပဏီ၏ ငွေချေးစာချုပ်များသည် Paramount ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း အစီရင်ခံစာထုတ်ပြန်ပြီးနောက်အဆိုပါငွေချေးစာချုပ်သည် ထိပ်တန်း အကျိုးအမြတ်ရရှိနိုင်သည့် စာချုပ်တစ်မျိုး ဖြစ်လာပါသည်။ ထို့အပြင် ယင်းအုပ်စုပါ ထိပ်တန်းအရှုံးပေါ်သည့် ကုမ္ပဏီများအနက် Marcy ကုမ္ပဏီ၏ ငွေချေး စာချုပ်များသည် Arkhouse Management ၊ Brigade Capital တို့နှင့် ပူးပေါင်းဆောင်ရွက်မှု ရပ်တန့်ခြင်းနှင့် ကုမ္ပဏီ၏ အားနည်းသည့် အရောင်းဆိုင်ရာ ခန့်မှန်းချက်တို့အား အသိပေးပြီးနောက် ၅ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ ထိုးဆင်းသွားခဲ့ပါသည်။

ပြန်ရချက်နှုန်းမြင့်သောစနစ် (High Yield) ဖြင့် အဆင့်သတ်မှတ်ချက်များတွင် Lumen ကုမ္ပဏီသည် Microsoft ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ကြောင်း ကြေညာခြင်း၊ အပေါင်းလက္ခဏာပြသည့် ရလဒ် များကို အစီရင်ခံခြင်းနှင့် Caa1 အဆင့်သို့ အဆင့်မြင့်တင် ဆောင်ရွက်ခြင်းတို့ကြောင့် အဆိုပါ ကုမ္ပဏီ၏ ငွေချေး စာချုပ်များသည် ယင်း (၃) လပတ်အတွင်း ၆၅ ရာခိုင်နှုန်း အထိတိုင်အောင် မြင့်တက်လာခဲ့ပါသည်။ ထို့အတူ Dish Network ကုမ္ပဏီ၏ ငွေချေးစာချုပ်များသည် ၂၀ ရာခိုင်နှုန်း သို့ လည်းကောင်း၊ CHS ကုမ္ပဏီ၏ ငွေချေးစာချုပ်များသည် ၁၈ ရာခိုင်နှုန်း မှ ၂၀ ရာခိုင်နှုန်း အတွင်းတွင် လည်းကောင်း၊ အယ်လ်ဆာဗေးဒေါ နိုင်ငံ၏ ငွေချေးစာချုပ်များသည် ၁၇ ရာခိုင်နှုန်း သို့ လည်းကောင်း အဆင့်မြင့်တင် ပြုပြင်ဆောင်ရွက်ချက်များအား ကြေညာမှုများ အပြီးတွင် ငွေချေးစာချုပ် တန်ဖိုးများ အသီးသီးမြင့်တက်ခဲ့ပါသည်။

Azul ၏ ငွေချေးစာချုပ်တန်ဖိုးများသည် ကုမ္ပဏီ၏ ကြီးမားသည့် ဆုံးရှုံးမှုများကို အစီရင်ခံပြီးနောက် ၂၅ ရာခိုင်နှုန်းနီးပါး ထိုးဆင်းသွားခဲ့ပြီး CCC+ အဆင့်သို့ ရောက်ရှိကာ ဒေဝါလီခံရနိုင်ဖွယ်ရှိသည်ဟုပင် ကောလဟာလများ ထွက်ပေါ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် တတိယသုံးလပတ်တွင် အမေရိကန်ဒေါ်လာဖြင့် ထုတ်ဝေသော ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရိတ်ငွေချေးစာချုပ်ထုတ်ဝေမှုသည် ဒေါ်လာ ၈၄၁ ဘီလီယံ နီးပါးရှိနေပြီး ယခင် (၃) လပတ် တွင် ဒေါ်လာ ၇၀၀ ဘီလီယံသာထုတ်ဝေနိုင်ခဲ့သည့်အတွက် ထို (၃) လပတ်ထက် ၂၀.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၂၃ ခုနှစ် တတိယ (၃) လပတ်ထက်ထုတ်ဝေမှုတန်ဖိုး ၅၁.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဖော်ပြပါရှိပါသည်။





မူဝါဒရေးရာအဖွဲ့


ကိုးကား- newsletter@info.bondblox.com

# ဈေးကွက်ဆိုင်ရာအချက်အလက်များ


## ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ အထိ ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်မှုများ





## ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ





## စာရင်းဝင်ကုမ္ပဏီ(၈)ခု၏ အစုရှယ်ယာရောင်းဝယ်မှုများ (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)




## စာရင်းဝင်အကြိုဈေးကွက်၌ အစုရှယ်ယာရောင်းဝယ်မှုများ (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)




## ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အစီရင်ခံတင်ပြမှု (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိ)



# အာဆီယံဆိုင်ရာ သတင်းများ

## အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ်ဥက္ကဋ္ဌများ အစည်းအဝေး တက်ရောက်ခြင်း






ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ခင်ဆွေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့ မှ ၂၃ ရက်နေ့ အထိ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော (၄၁) ကြိမ်မြောက် အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ် ဥက္ကဋ္ဌများ အစည်းအဝေး၊ အာဆီယံ အရင်းအနှီးဈေးကွက်ဖိုရမ် အပြည်ပြည်ဆိုင်ရာညီလာခံ ၂၀၂၄ နှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ စဉ်ဆက်မပြတ် ဖွင့်ဟထုတ်ဖော်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။





# အထင်ကရ SET ESG ကျွမ်းကျင်ပညာရှင်များဖိုရမ် ၂၀၂၄ မှတစ်ဆင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အရည်အသွေးကို မြှင့်တင်ပေး

ထိုင်းစတော့အိပ်ချိန်း (Stock Exchange of Thailand – SET) သည် SET ESG ကျွမ်းကျင်ပညာရှင်များ ဖိုရမ် ၂၀၂၄ မှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းတို့၏ လုပ်ငန်းလည်ပတ်မှု များကို အဓိကထား အားဖြည့်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ထင်ရှားသည့်ဖိုရမ်တွင် ဘုတ်အဖွဲ့ဝင်များ၊ ကော်ပိုရိတ်ပိုင်း ဆိုင်ရာဦးဆောင်သူများနှင့် ESG ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၃၀၀ ကျော်ကို ဧည့်သည်တော်များအဖြစ် ဖိတ်ကြား ခဲ့ပြီး ယင်းပုဂ္ဂိုလ်များထံမှ မျိုးဆက်သစ် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုဆိုင်ရာ သင်တန်းအတွက် အကြံဉာဏ်များ တောင်းခံ ခဲ့ပါသည်။

SET ဥက္ကဋ္ဌ၊ အချိန်ပိုင်းပါမောက္ခ Kitipong Urapeepatanapong က “အနာဂတ် စီမံခန့်ခွဲမှုအစီအစဉ် – ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တည်တံ့ခိုင်မြဲရေးနှင့် ဆန်းသစ် တီထွင်မှု ထွန်းလင်းတောက်ပစေခြင်း” ဟူသည့် စကားရပ် ကို ပြောကြားခဲ့ပါသည်။ အဆိုပါစကားရပ်သည် တစ်မူ ထူးခြားသည့် ကမ္ဘာ့စိန်ခေါ်မှုများအလယ်၌ ဈေးကွက်တွင်ပါ ဝင်သူများ၏ ယုံကြည်မှုတည်ဆောက်ရန်နှင့် ရေရှည်တည်တံ့ သည့် တိုးတက်မှုရရှိရန်တို့အတွက် ခိုင်မာသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှုသည် အခြေခံဖြစ်သည်ကို အလေးပေးပြော ကြားလိုခြင်းဖြစ်ပါသည်။ ထို့နောက် “လျင်မြန်စွာ ပြောင်းလဲ တိုးတက်နေသော ယနေ့ခေတ် စီးပွားရေးလုပ်ငန်းဆောင်တာ အခင်းအကျင်းသည် အခြေခံကျသည့် မိရိုးဖလာစီမံအုပ်ချုပ် မှုကို ပိုမိုဖြစ်ပေါ်စေပါကြောင်း၊ အဖွဲ့အစည်းများ၊ အရေးပါ သောချိတ်ဆက်မှုများနှင့် လူမှုပတ်ဝန်းကျင် တို့တွင် ကောင်းမွန်သည့် အကျိုးရလဒ်များကို ဖန်တီးပေးနိုင်သည့် မဆုတ်မနစ်သော ခံယူချက်ဖြင့် သိက္ခာသမာဓိ မြင့်မားသည့် ခေါင်းဆောင်များကို ဆက်လက် ထိန်းသိမ်းသွားရန် လိုအပ် သကဲ့သို့ မိမိတို့အနေဖြင့် ဆန်းသစ်တီထွင်သည့် ပြောင်းလဲမှု ဖြစ်စဉ်များကို ဖန်တီးပေးနိုင်သော ခေါင်းဆောင်များကို လည်း လိုအပ်ကြောင်း” ပြောကြားခဲ့ပါသည်။



SET ၏ နှစ် (၅၀) ပြည့် နှစ်ပတ်လည် အခါသမယ နီးကပ်လာသည်နှင့်အမျှ ရေရှည်တည်တံ့သည့် အရင်းအနှီး ဈေးကွက်များအကြား ထိုင်းအရင်းအနှီးဈေးကွက်အား ခိုင်မာစေရန်အတွက် ယခုဖိုရမ်သည် ကနဦးမဟာဗျူဟာ တစ်ခုဖြစ်ပါသည်။အဘယ့်ကြောင့်ဆိုသော် ရေရှည်တည်တံ့ ခိုင်မြဲသည့် ဈေးကွက်တစ်ခု လည်ပတ်ရာ၌ အရေးပါသော SET ESG ကျွမ်းကျင်ပညာရှင်များကွန်ရက် မှတစ်ဆင့် သုံးနှစ် တိုင်တိုင် အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှု များကို တည်ဆောက် နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

Bain& Company Thailand ၏ မန်နေဂျင်းပါတနာနှင့် ရုံးတာဝန်ခံ Derek Keswakaroon က ကော်ပိုရိတ်ဆိုင်ရာ ခေါင်းဆောင်မှုကို ပြန်လည်ပုံဖော်နိုင်သည့် ကမ္ဘာ့အကောင်းဆုံး အလေ့အကျင့်များနှင့် စီမံအုပ်ချုပ်မှု မူဘောင်များအား ကျင့်သုံးရာ၌ ခေတ်နှင့်လျော်ညီသည့် ရှုထောင့်များအား ပံ့ပိုးပေးနိုင်မည့် “ဆန်းသစ်တီထွင်သည့် ကော်ပိုရိတ်စီမံအုပ်ချုပ် မှု – ရေရှည်တန်ဖိုးထားသည့် ဆန်းသစ်တီထွင်မှု အတွက် မဟာဗျူဟာများ”ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

စာမျက်နှာ ၉ သို့

စာရင်းကိုင်အတတ်ပညာများ အသင်းချုပ်၏ စာရင်းအင်းစနစ်ဖော်ဆောင်ရေးကော်မတီ ဥက္ကဋ္ဌ Varunee Pridanonda က "လိမ်လည်မှုဆိုင်ရာ ထိုးထွင်းသိမြင်မှု ၂၀၂၄" ဟူသော ခေါင်းစဉ်ဖြင့် ကော်ပိုရိတ်ဆိုင်ရာ လိမ်လည်မှုလမ်းကြောင်းများ ရှာဖွေခြင်းနှင့်အဖွဲ့အစည်း၏ ကြံ့ကြံ့ခံရပ်တည်မှု အတွက် ဆောင်ရွက်ချက်များအပေါ် ကနဦး ကြိုတင်စီမံအုပ်ချုပ်မှု၏ အရေးပါသည့် အခန်းကဏ္ဍကို အလေးပေးပြောကြားခဲ့ပါသည်။

အဆင့်မြင့်ပုဂ္ဂိုလ်များ၏ စကားဝိုင်းကို "စီမံခန့်ခွဲရေးအမှုဆောင်များ၏အရှိန်အဝါရှိမှု – ဗားရှင်း ၄.၀ ခေါင်းဆောင်များသည် ကျင့်ဝတ်ဆိုင်ရာ ယဉ်ကျေးမှုများအား မည်ကဲ့သို့ ပုံဖော်ထုဆစ်သည်" ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ကျင့်ဝတ်နှင့်အညီ ခေါင်းဆောင်မှုများသည် ဒစ်ဂျစ်တယ်ခေတ်၌ ပုံစံအမျိုးမျိုးဖြင့် ပါဝင်နေမှုများကို ထုတ်ဖော်ဆွေးနွေးခဲ့ပြီး နည်းပညာအဆင့်မြင့်မားမှုနှင့် ကျင့်ဝတ်ဆိုင်ရာ စီမံအုပ်ချုပ်မှု အကြား အရေးပါသည့် သာတူညီမျှဖြစ်တည်မှုကို အလေးထား ဆွေးနွေးခဲ့ပါသည်။ အဓိကဆွေးနွေးမှုများမှာ –

- ကျင့်ဝတ်နှင့်အညီခေါင်းဆောင်မှုမှတစ်ဆင့် ခိုင်မာသည့် အဖွဲ့အစည်း၏ အခြေခံအုတ်မြစ်များကို တည်ဆောက်ခြင်း၊
- ကျင့်ဝတ်တန်ဖိုးများအား ထိန်းသိမ်းရာတွင် ဉာဏ်ရည်တု (AI) နှင့် နည်းပညာတို့အား ပေါင်းစည်း၍ အဆင့်မြှင့်တင်ခြင်း၊
- ဘက်ပေါင်းစုံမှ ဈေးကွက်တွင်ပါဝင်သူများ ပူးပေါင်းမှုမှတစ်ဆင့် ရေရှည်တည်တံ့သည့် စီးပွားရေးဂေဟစနစ်များ တိုးတက်စေခြင်း၊
- နိုင်ငံတကာ စံချိန်စံနှုန်းများ နှင့်အညီ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အလေ့အထများကို ခိုင်မာစေခြင်း နှင့်
- အနာဂတ် စိန်ခေါ်မှုများအတွက် မျိုးဆက်သစ်ခေါင်းဆောင်များ မွေးထုတ်ခြင်း

တို့ဖြစ်ပါသည်။

အဆိုပါ ဖိုရမ်သည် ယနေ့စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင်သာမက အနာဂတ်လိုအပ်ချက်များကို ကြိုတင်ခန့်မှန်းနိုင်မည့် စီမံအုပ်ချုပ်မှု မူဘောင်ကို မြှင့်တင်ရန်အတွက် SET ၏ ကတိကဝတ် တစ်ခုဖြစ်ပါသည်။ ယင်းသည် ကုမ္ပဏီယဉ်ကျေးမှုတစ်ခုဖြစ်သည့် ပေါင်းစည်းမှုတွန်းအားဆိုင်ရာ ယဉ်ကျေးမှုအား ပျိုးထောင်ရာ၌ ပါဝင်သော ခေါင်းဆောင်မှု အခန်းကဏ္ဍနှင့် ထိုင်းနိုင်ငံ အရင်းအနှီးဈေးကွက်၏ ကမ္ဘာ့ယှဉ်ပြိုင်မှုများနှင့် ရေရှည်တည်တံ့မှုများတွင် ခိုင်မာစေရန် နည်းပညာဆိုင်ရာ စီမံအုပ်ချုပ်မှုတို့ကို အလေးထား ဆွေးနွေးခဲ့ကြခြင်း ဖြစ်ပါသည်။

မူဝါဒရေးရာအဖွဲ့

**ရင်းမြစ်**

https://www.aseanexchanges.org/content/set-elevates-corporate-governance-excellence-through-landmark-set-esg-professionals-forum-2024-championing-ethical-leadership-for-thailands-sustainable-future/

# မလေးရှားနိုင်ငံသည် အာဆီယံ ၂၀၂၅ ဥက္ကဋ္ဌရာထူး ဆောင်ရွက်မှုမတိုင်မီ အာဆီယံ အရင်းအနှီးဈေးကွက်ချိတ်ဆက်မှု၌ ကုန်သွယ်ရေးကို ဦးစားပေးရန်ရှိ




မလေးရှားနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး (၂) Datuk Seri Amir Hamzah Azizan က မလေးရှား နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် ပြင်ဆင်နေချိန်တွင် အာဆီယံ အရင်းအနှီးဈေးကွက်၏ မဟာဗျူဟာမြောက်အရေးပါမှုကို အသိအမှတ်ပြုပြီး အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု ပိုမိုချောမွေ့စေရေးနှင့် အာဆီယံ အရင်းအနှီးဈေးကွက်များ ချိတ်ဆက်မှု ပိုမိုအားကောင်း လာစေရေးဦးစားပေး ဆောင်ရွက်သွားမည်ဟုဆိုသည်။

ဆက်လက်၍ လာမည့်နှစ် အာဆီယံအစည်းအဝေးများ၏ ဘဏ္ဍာရေးလမ်းကြောင်းအောက်တွင် မလေးရှားနိုင်ငံ၏ အဓိကဦးစားပေး ကဏ္ဍတစ်ခုဖြစ်သည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် အာဆီယံဒေသတစ်ဝှမ်း ငွေပေးချေမှုစနစ်များ ချောမွေ့စေရေး ယန္တရားများ ထူထောင် သွားမည်ဖြစ်ပါသည်။

ထို့အပြင် ဒေသတွင်းကနဦးအများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းများ (Initial Public Offerings – IPOs) အား အပြန်အလှန်အသိအမှတ်ပြုခြင်းကဲ့သို့သော အစပျိုးလုပ်ဆောင်မှုများကို အာရုံစိုက်ကာ အဓိကဦးစားပေးတစ်ခုအဖြစ် အာဆီယံ အရင်းအနှီးဈေးကွက်များပေါင်းစည်းမှုကို မြှင့်တင်ရန် ဖြည့်စွက်ပြောကြားပါသည်။

နိုဝင်ဘာလ ၂၀ ရက်နေ့၌ ကျင်းပခဲ့သည့် ၆၃ ကြိမ်မြောက် World Federations of Exchanges (WFE) အထွေထွေညီလာခံနှင့် နှစ်ပတ်လည်အစည်းအဝေး၏ Fireside Chat Session ၌ "အာဆီယံ မိတ်ဖက်များနှင့် ပူးပေါင်း၍ ဒေသတွင်းရှိ ဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းရန်နှင့် မြှင့်တင်ရန်မှာ အဓိကရည်မှန်းချက်ဖြစ်ပြီး အာဆီယံသည် ကုန်သွယ်မှုအစုအဖွဲ့တစ်ခုအဖြစ် ထင်ရှားသောစွမ်းအားကို လက်ကိုင်ထားသည်"ဟု ပြောကြားခဲ့ပါသည်။

"သို့သော်လည်း ယနေ့အချိန်တွင် အာဆီယံဖြတ်ကျော်ကုန်သွယ်မှုများသည် မိမိတို့ မျှော်မှန်းထားသည်ထက် နည်းပါးနေသေးကြောင်း၊ အကယ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုကောင်းမွန်သော အကျိုးအမြတ်ရရှိနိုင်မည်ကို နားလည်သိရှိလာပါက အာဆီယံ၏ အနာဂတ်သည် ပိုမိုတောက်ပလာမည်ဟု ထင်မြင်မိပါကြောင်း" Amir Hamzah က ထပ်လောင်းပြောကြားခဲ့ပါသည်။

မလေးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သော အာဆီယံနိုင်ငံများသည် ဒေသတွင်းတွင် လူဦးရေ သန်း ၇၀၀ ကျော်ရှိသည့် အင်အားကြီးမားသော အုပ်စုဖြစ်ကြောင်း၊ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဆီယံသည် ပိုမိုကောင်းမွန်သောရလဒ်များ ရရှိနိုင်ပါကြောင်း Amir Hamzah က အလေးပေး ပြောကြားခဲ့ပါသည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရစဉ်တွင် အာဆီယံအနေဖြင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ လုပ်ဆောင်မှုများအပေါ် အာရုံစိုက်ရမည်ဖြစ်ပြီး မျှတမှုရှိသောလွှဲပြောင်းမှုများနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးဆိုင်ရာ စီးပွားရေးအတွက် အရင်းအနှီးမြှင့်တင်ခြင်းများကို အားစိုက်ဆောင်ရွက် သင့်ကြောင်းကို မီးမောင်းထိုးပြခဲ့ပါသည်။

အရင်းအနှီးဈေးကွက်များသည် အရေးကြီးသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ ဘက်စုံအေဂျင်စီများသည် ကုန်ကျစရိတ်များကို လျှော့ချရန်နှင့် အသွင်ကူးပြောင်းရေးတွင် အထောက်အကူဖြစ်စေရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့ပါသည်။

မူဝါဒရေးရာအဖွဲ့

ကိုးကား https://www.bernama.com/en/news.php?id= 2365475

ဤသတင်းလွှာတွင်ပါရှိသော အကြောင်းအရာများကို အသိပညာမျှဝေပေးခြင်းအတွက်သာ ရည်ရွယ်ဖော်ပြအပ်ပါသည်။